# သမတအိမ်တော်၊ ရန်ကုန်မြို့
# ၁၉၅၇ ခုနှစ်၊ ကရင်ပြည်နယ် နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။
**[၁၉၅၇ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေအမှတ် ၂။]**
**၁၃၁၉ ခုနှစ်၊ တန်းခူးလပြည့်ကျော် ၅ ရက်။**
**(၁၉၅၇ ခုနှစ်၊ ဧပြီလ ၁၉ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။
အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၇ ခု၊ စက်တဘ်ာလ ၃၀ ရက်နေ့၌၊ ကုန်ဆုံးသည့်နှစ်အတွက်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ (၁) ကရင်ပြည်နယ် အစိုးရဘဏ္ဍာရေးဝန်ကြီးသည်၊ ကရင်ပြည်နယ်၏အခွန်တော်ငွေများမှ၊ စုစုပေါင်း ကျပ်ငွေ ၁၁,၄၅,၂၀၀ (ဤအက်ဥပဒေတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၇ ခု၊ စက်တဘ်ာလ ၃၀ ရက်နေ့၌၊ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၆ ခုနှစ်၊ ကရင်ပြည်နယ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၆ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေအမှတ် ၃) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းများအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**ဇယား**

| အစိုးရဌာန။ | | | ခွဲဝေသုံးစွဲသည့်ငွေ |
|---|---|---|---|
| ရေကြောင်းဆိုင်ရာအတွက် မ, တည်ငွေရင်း | ... | ... | ၅,၉၇,၇၅၀ |
| ဆေးဘက်ဆိုင်ရာအတွက် မ, တည်ငွေရင်း | ... | ... | ၂,၁၄,၈၂၀ |
| လယ်ယာစိုက်ပျိုးရေးအတွက် မ, တည်ငွေရင်း | ... | ... | ၃,၃၂,၆၂၀ |
| မြို့ပြဆိုင်ရာ လုပ်ငန်းများအတွက် မ, တည်ငွေရင်း | ... | ... | ၁၀ |
| | ပေါင်း | ... | ၁၁,၄၅,၂၀၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

သမတ၊

ပြည်ထောင်စု မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၉ ခုနှစ်၊ တန်းခူးလပြည့်ကျော် ၅ ရက်။

(၁၉၅၇ ခုနှစ်၊ ဧပြီလ ၁၉ ရက်။)

အမိန့်အရ၊

ပါစိန်၊

သမတ၏အတွင်းဝန်။

[အမှတ် ၅၄]